# သင့်ရင်သွေးအား ပြင်းထန်တဲ့ RSV ဗိုင်းရပ်စ်ထံမှ ကာကွယ်လိုက်ပါ။

ဇန်နဝါရီ ၂၀၂၅

**Respiratory syncytial virus (RSV)** ဆိုသည်မှာ အဆုတ်ကိုထိခိုက်စေသော အဖြစ်များသည့် ဗိုင်းရပ်စ်တမျိုးဖြစ်သည်။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အလွန်အန္တရယ်များသော ဗိုင်းရပ်စ်လည်းဖြစ်သည်။ ကလေးသူငယ်များ ဆေးရုံတက်ဆေးကုသရခြင်း၏ အဓိက အကြောင်းအရင်းလည်းဖြစ်ပြန်သည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် ကလေးသူငယ်များအား ပြင်းထန် RSV ဗိုင်းရပ်စ်ထံမှ ကာကွယ်နိုင်ရန် ရွေးချယ်စရာ နည်းလမ်းနှစ်ခုရှိပြီး (ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း RSV ကာကွယ်ဆေးထိုးပေးခြင်း သို့ ကလေးသူငယ်အား nirsevimab ဟုခေါ်သော ပဋိဇီဝဆေး ထိုးပေးခြင်း) ကလေးသူငယ်အများးစုမှာ နည်းလမ်းတခုတည်းနှင့် ကာကွယ်ရန်သာ လိုအပ်ပါသည်။ သင်၏ မွေးကင်းစ ကလေးငယ်မှာ မွေးကင်းစအတွင်း nirsevimab ပဋိဇီဝဆေးထိုးပေးခြင်းကို လက်ခံနိုင်ရန် အရည်အခြင်းပြည့်မှီနိုင်ပါသည်။ ၎င်းကာကွယ်ဆေးသည် RSV ဗိုင်းရပ်စ်ကို ချက်ချက်ကာကွယ်မှုပေးနိုင်ပြီး အနည်းဆုံး ငါးလကြာ အကျိုးအာနိသင်ရှိနိုင်ပါသည်။ ဤအချက်အလက်များကို ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် နားလည်ရန် အကူအညီလိုအပ်ပါက

**Nirsevimab ပဋိဇီဝဆေးသည် RSV ပြင်းထန် ဗိုင်းရပ်စ်ပိုးကြောင့် ကလေးသူငယ်များဆေးရုံတက်ရခြင်းမှ ၉၀ရာခိုင်နှုန်း ထိရောက်စွာကာကွယ်ပေးနိုင်သည်။**

ahs.vdhimmunizationprogram@vermont.gov. သို့ဆက်သွယ်လိုက်ပါ။

## RSV အချက်အလက်များ

- RSV ဗိုင်းရပ်စ် ဖြစ်ပွားချိန်ရာသီသည် ဆောင်းဦးတွင်း စတင်ပြီး ဆောင်းရာသီတွင်အမြင့်ဆုံးဖြစ်ပွားသည်။
- ရောဂါပိုးရှိသူ ချောင်းဆိုး နှာချေသည့်အခါ၊ RSV ဗိုင်းရပ်စ်သူနှင့်တိုက်ရိုက်ထိတွေ့ခြင်း သို့မဟုတ် ရောဂါပိုးကပ်ငြိနေသော ညစ်ညမ်းသည့်မျက်နှာပြင်ကို ထိခြင်းဖြင့် ကူးစက်နိုင်သည်။

- ဗိုင်းရပ်စ်ပိုးရှိသော အရွယ်ရောက်ပြီးသူအများစုတွင် မည့်သည့်ရောဂါလက္ခဏာမှ မပြတတ်ပါ။ အချို့သောသူများတွင်သာ အအေးမိဖျားနာသော ရောဂါလက္ခဏာမျိုးပြတတ်သည်။
- RSV ဗိုင်းရပ်စ်ရှိသော အလွန်ငယ်ရွယ်သည့် ကလေးငယ်များတွင် ရောဂါလက္ခဏာများ အမြဲလိုလိုပြလေ့ရှိသည်။ လက္ခဏာများက စိတ်တိုခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလျော့ကျလာခြင်း၊ အစားအသောက်နည်းလာခြင်း နှင့် အသက်ရှူကြပ်ခြင်း (အသက်ရှူချိန် ၁၀ စက္ကန့်ထပ်ပို၍ ရပ်ခြင်း) များဖြစ်သည်။
- RSV ဗိုင်းရပ်စ်သည် မွေးကင်းစကလေးများနှင့် ကလေးငယ်များတွင် လည်ချောင်းနာခြင်း (အဆုတ်အတွင်းရှိ လေပြွန်ငယ်များ ရောင်ရမ်းခြင်း) သို့မဟုတ် နမိုးနီးယား (အဆုတ်ပိုးဝင်ခြင်း) ကဲ့သို့သော ပြင်းထန်သောဖျားနာမှုကို ဖြစ်စေနိုင်သည်။

## RSV ပဋိဇီဝဆေး (Nirsevimab)



- The RSV ပဋိဇီဝဆေး ကို တကြိမ်တည်းသာထိုးပေးသည်။
- ကိုယ်ဝန်ဆောင်စဉ်အတွင်း RSV ကာကွယ်ဆေးမထိုးခဲ့ရသော ၈လအောက်ကလေးများအတွက် ထိုးပေးရန် အကြံပြုထားသည်။ အောက်တိုဘာလမှ မတ်လအတွင်း ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးသည်။
- ဘေးထွက်ဆိုးကျိုးများရှိတတ်သော်လည်း မပြင်းထန်ဘဲ လျှင်မြန်စွာပျောက်ကွယ်တတ်သည်။



VERMONT
DEPARTMENT OF HEALTH